**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၁)ရက်မြောက်နေ့ အစည်းအဝေး **အကျဉ်းချုပ်**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်** ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

( က ) ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာ့စပါးများကို နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်ပသို့တရားမဝင်တင်ပို့နေကြခြင်းများအား ထိရောက်စွာတားဆီးထိန်းချုပ်နိုင်ရန် မည်ကဲ့သို့စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က ပြည်ပသို့တရားမဝင်တင်ပို့ရောင်းချမှုများမရှိစေရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းကုန်စစ်ဆေးရေးစခန်းတို့အားဖွင့်လှစ်၍ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်ချင်းထိစပ်လျက်ရှိသောဒေသများတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို တားဆီးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တရားမဝင်ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

( ခ ) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အနောက်ကျေးရွာအုပ်စုအတွင်း၌ တည်ရှိသော ဗောဓိအခြေခံပညာအထက်တန်းကျောင်း၏ အန္တရာယ်ရှိသော နှစ်ထပ်ကျောင်းဆောင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် (၁၅၀' x ၃၀') RC (၂)ထပ် ကျောင်းဆောင်သစ်တစ်ဆောင် ဦးစားပေးအဖြစ်သတ်မှတ်ပြီး ပြန်လည်တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ခွဲဝေရရှိမှုအခြေအနေအပေါ် မူတည်လျက် ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး ထည့်သွင်းလျာထားနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **၂၀၁၇ -၂၀၁၈ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင် ကျောင်းသား/ကျောင်းသူများအား တက္ကသိုလ်ပညာသင်ကြားခွင့်ရွေးချယ်ရာတွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့၏ ရွေးချယ်မှုနှင့် သီးခြားတိုက်ရိုက်လျှောက်ထားခွင့်ပြုသော တက္ကသိုလ်(၁၁)ခုစီမှ သီးခြားရွေးချယ်မှုစနစ် (၂)ခုအရ ကျောင်းသား/ကျောင်းသူများ နစ်နာမှုရှိခဲ့ပါသဖြင့် ထိုရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ဆွေးနွေးဆုံးဖြတ်ကြရန် အချိန်ယူပြင်ဆင်ညှိနှိုင်းစီစဉ်ထားရှိပြီး စကားဝိုင်းဆွေးနွေးပွဲ၊ သတင်းစာ၊ မီဒီယာများ၊ Website တို့မှတစ်ဆင့် ကျောင်းသား၊ကျောင်းသူများ၊ မိဘများ၊ အုပ်ထိန်းသူများ၊ ပြည်သူများ သိရှိနိုင်ရန် တာဝန်ယူ၍ အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၉ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က သတ်မှတ်မှုနှင့်ကိုက်ညီမှုရှိပါသဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် သတ်မှတ်မှုများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **ပညာရေးစုံညီပွဲတော်များတွင် ဆုချီးမြှင့်ရန်ထုတ်ပေးသောငွေများကို ကျောင်းထောက်ပံ့ကြေးငွေများသုံးစွဲရန် အသေးစိတ်ညွှန်ကြားသကဲ့သို့ မည်သည့်ဆုများကို မည်ကဲ့သို့ ရွေးချယ်ပြီးပေးရမည်ဟု ညွှန်ကြားချက် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ဉာဏစွမ်းရည်ဆု၊ ကာယစွမ်းရည်ဆုများကို ရွေးချယ်ရာတွင် ကျောင်းအဆင့်အတွက် ကျောင်းအလိုက် မိဘဆရာအသင်း အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်အတွက် စိစစ်ရွေးချယ်ရေးကော်မတီဖြင့်လည်းကောင်း စိစစ်ရွေးချယ်ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရေးစုံညီပွဲတော် ကျင်းပပြုလုပ်နိုင်ရန်နှင့် ဆုများချီးမြှင့်နိုင်ရန်အတွက် ရန်ပုံငွေခွဲဝေမှုအဖြစ် အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်းလျှင် ကျပ်(၅)သိန်း၊ အခြေခံပညာအလယ်တန်းကျောင်း (၁)ကျောင်းလျှင် ကျပ်(၃)သိန်း၊ အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်းလျှင် ကျပ်(၁.၅)သိန်းတို့အား နှစ်စဉ်ခွဲဝေပေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ အဆုံးအဖြတ် ရယူခြင်း၊ အဆို တင်သွင်းခြင်းနှင့် ဆုံးဖြတ်ခြင်း**

၃။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ နန်းနီနီအေး (ဥပဒေကြမ်းကော်မတီဝင်)က နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၄။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက အဆို တင်သွင်းရာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌ က ကြေညာသည်။

**အဆို ဆွေးနွေးခြင်း**

၅။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်း လွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလ အခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၅)ဦး က ဆွေးနွေးသည်။

**အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း**

၆။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ် ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော် က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

၇။ အစည်းအဝေးကို ၁၂း၂၈ နာရီ အချိန်တွင် ရပ်နားပြီး (၂၂)ရက်မြောက်နေ့ အစည်းအဝေးကို ၇-၃-၂၀၁၉ ရက်နေ့ (ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**